**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

# ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ (၆ /၂၀၂၄)

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

အကြောင်းအရာ။ **နယ်စပ်ကုန်သွယ်ရေးမှ တင်ပို့ခြင်းအတွက် ပို့ကုန်ရငွေအပေါ် ၂၅%၊၇၅% အစီအစဉ် ဆောင်ရွက်သည့် ကုန်စည်အမျိုးအစား ထပ်တိုးသတ်မှတ်ခြင်း**

၁။ ပင်လယ်ရေကြောင်းမှ ပို့ကုန်ပစ္စည်းအားလုံးနှင့် နယ်စပ်ကုန်သွယ်မှုမှ တင်ပို့သော အောက်ဖော်ပြပါ ကုန်စည် ၈ မျိုးနှင့်စပ်လျဉ်း၍ နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၆၆/၂၀၂၂) (၁၆/၂၀၂၃)နှင့် (၄၉/၂၀၂၃)တို့အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်နှင့် အညီ ပို့ကုန်ရငွေ(နိုင်ငံခြားသုံးငွေ)၏ ၂၅%လဲလှယ်အသုံးပြုရမည့် ကုန်စည်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါသည်-

(က) ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ကုလားပဲ)

(ခ) ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း)

(ဂ) ပြောင်း

(ဃ) ရော်ဘာ

(င) ရေထွက်ပစ္စည်း (ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့်)

(စ) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း (ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ကျွဲသားရေ၊ နွားသားရေ၊ ဆိတ်သားရေ၊ အေးခဲအသားနှင့် အသားခြောက်)

(ဆ) ဆန်၊ ဆန်ကွဲ

(ဇ) ကြံ

၂။ ယခုအခါ နယ်စပ်ကုန်သွယ်မှုမှ တင်ပို့သော အဆိုပါကုန်ပစ္စည်း ၈ မျိုးအပြင် အောက်ဖော်ပြပါကုန်ပစ္စည်းများအား ထပ်တိုး၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်နှင့်အညီ ပို့ကုန်ရငွေ (နိုင်ငံခြားသုံးငွေ) ၏ ၂၅ % လဲလှယ်ခြင်းကို ၁-၁၁-၂၀၂၄ ရက်နေ့မှ စတင်ဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပဲမျိုးစုံ

(ခ) ကြက်သွန်ဖြူ၊ ကြက်သွန်နီ

(ဂ) သစ်သီးမျိုးစုံ၊ သီးနှံမျိုးစုံ

(ဃ) ကြိမ်

( င ) ဝါ(ဝါဂွမ်း)

( စ ) သတ္တုနှင့်သတ္တုရိုင်း

(ဆ) အခြားသတ္တုတွင်းထွက်ပစ္စည်းများ

**ကုန်သွယ်ရေးဦးစီးဌာန**